

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဆိုးလ်မြို့

ကြေညာချက်

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ အခြေခံပညာသင်ယူခြင်း အစီအစဉ်အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသံရုံး၊ ဆိုးလ်မြို့မှတစ်ဆင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ အခြေခံပညာသင်ယူခြင်းအစီအစဉ် (သူငယ်တန်းမှဒသမတန်း) သို့တက်ရောက်ရန် လျှောက်ထားလိုသူများသည် ယခုကြေညာချက်တွင် ဖော်ပြပါရှိသည့် စာရွက်စာတမ်း/ အထောက်အထားတို့အား ပြည့်စုံစွာဖြည့်စွက်တင်ပြ၍ မိတ္တူ(၂)စုံဖြင့် (၁၃-၇-၂၀၂၀) ရက်နေ့နောက်ဆုံးထားကာ မြန်မာသံရုံးတွင် လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ကျောင်းဝင်ခွင့်လျှောက်လွှာ

မှတ်ချက်။ ဝင်ခွင့်လျှောက်လွှာများအား သံရုံးတွင်မေးမြန်းတောင်းယူနိုင်ပါသည်။

(ခ) မိဘ(၂)ဦးနှင့် ကျောင်းသူ/ကျောင်းသား၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ဗီဇာအမျိုးအစားနှင့် ဗီဇာတံဆိပ်တုံးပါရှိသည့် စာမျက်နှာမိတ္တူ၊ သက်ဆိုင်ရာနိုင်ငံအစိုးရမှ ထုတ်ပေးထားသည့် နေထိုင်ခွင့်ပြု မှတ်ပုံတင်ကတ်အထောက်အထား(ဥပမာ-Work Permit၊ Student Pass၊ Alien Registration Card)၊

(ဂ) လျှောက်ထားသူသည် အုပ်ထိန်းသူမရှိဘဲ ကိုယ်တိုင်အလုပ်လုပ်ကိုင်၍ဖြစ်စေ၊ ကျောင်းတက်ရောက်နေခြင်းကြောင့်ဖြစ်စေ ရောက်ရှိနေခြင်းဖြစ်ပါက မည်သည့်အတွက်ကြောင့် ရောက်ရှိနေပါကြောင်း အထောက်အထား၊

(ဃ) မွေးစာရင်းမိတ္တူမှန် (သူငယ်တန်း (KG) အပ်နှံမည့်သူများအတွက်သာ)

မှတ်ချက်။ (၃၁-၅-၂၀၂၀) ရက်နေ့တွင် အသက်(၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(င) အခြားအတန်းသို့အပ်နှံမည့်သူများအတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အမြင့်ဆုံးအောင်မြင်ခဲ့သော အတန်းအထောက်အထားဖြစ်သည့် အောင်လက်မှတ် (သို့မဟုတ်) ကျောင်းထွက်လက်မှတ် မိတ္တူမှန် (နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ အခြေခံ ပညာသင်ယူခြင်းအစီအစဉ်မှ သင်ယူပြီးမြောက် အောင်မြင်သူများအတွက် တင်ပြရန် မလိုပါ။)

(စ) ဓါတ်ပုံ (၂) ပုံ (ပတ်စ်ပို့ဓါတ်ပုံ)

၂။ သင်ရိုးသစ်ဒသမတန်း (Grade-10) သို့ တက်ရောက်သင်ယူခွင့် လျှောက်ထားသူများ အနေဖြင့် အောက်ဖော်ပြပါစိတ်ကြိုက်ဘာသာတွဲမှ မိမိတို့ရွေးချယ်ထားသည့် စိတ်ကြိုက်ဘာသာတွဲကို ဖော်ပြရပါမည်-



ဘာသာတွဲ	မယူမနေရဘာသာရပ်များ	စိတ်ကြိုက်ဘာသာတွဲများ
၁။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)
၂။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း)
၃။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ သိပ္ပံ (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)
၄။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း)၊ သိပ္ပံ (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

၃။ သင်ရိုးဟောင်းဒသမတန်း (Grade-11) သို့ တက်ရောက်သင်ယူခွင့် လျှောက်ထားသူများအနေဖြင့် အောက်ဖော်ပြပါစိတ်ကြိုက်ဘာသာတွဲမှ မိမိတို့ရွေးချယ်ထားသည့် စိတ်ကြိုက်ဘာသာတွဲကို ဖော်ပြရပါမည်-

ဘာသာတွဲ	မယူမနေရဘာသာရပ်များ	စိတ်ကြိုက်ဘာသာတွဲများ
၁။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
၂။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ဘောဂဗေဒ၊ပထဝီဝင်၊ သမိုင်း
၃။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	စိတ်ကြိုက်မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း
၄။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ သမိုင်း
၅။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
၆။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
၇။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
၈။	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ	ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၄။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်အတွင်း လျှောက်ထားလာသည့် ကျောင်းသား/သူများသည် ကျောင်းထွက်လက်မှတ်မူရင်း၊ မြန်မာနိုင်ငံတွင် ဖြေဆိုခဲ့ပြီးသော ဘာသာရပ်ရမှတ်များကို ဖော်ပြသည့် လစဉ်ပညာရည်တိုးတက်မှုမှတ်တမ်း (Monthly Report Card) နှင့် လအလိုက် ကျောင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုအကဲဖြတ်မှတ်တမ်း (Comprehensive Personal Record) များ၏ မိတ္တူမှန်ကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။



၅။ သင်တန်းသို့ဝင်ခွင့်ရသည့် ကျောင်းသား/ကျောင်းသူများသည် ပထမနှစ်ဝက်နှင့် နှစ်ဆုံးစစ်ဆေးခြင်းများ ဝင်ရောက်ဖြေဆိုအောင်မြင်ခြင်းရှိမှသာ အခြေခံပညာသင်ယူပြီးမြောက် အောင်မြင်သူများစာရင်းကို ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၆။ ကြားကာလ ကျောင်းပြောင်းရွှေ့လာသူများနှင့် စက်တင်ဘာလတွင် ခေါ်ယူမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများဖြည့်သွင်းရန် ခေါ်ဆိုချိန်၌ စတင်လျှောက်ထားမည့် သင်ရိုးဟောင်း ဒသမတန်း နှစ်ဟောင်းကျောင်းသားများအနေဖြင့်လည်း စာပိုဒ်(၁) ပါအချက်အလက်များကို ပြည့်စုံစွာတင်သွင်း လျှောက်ထားရပါမည်။

၇။ ယခုကြေညာချက်အား တွေ့မြင်သိရှိသူများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ ကျောင်းအပ်နှံလိုသည့် မြန်မာကျောင်းသား/ကျောင်းသူများထံသို့ ဆက်လက်အကြောင်းကြားပေးပါရန်နှင့် အခြားသိရှိလိုသည်များရှိပါက ပညာရေးတာဝန်ခံ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့၊ ဖုန်း-02-790-3818 သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

017

မြန်မာသံရုံး၊ ဆိုးလ်မြို့

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်

မှတ်ချက်။ နောက်ဆုံးသတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ ရောက်ရှိလာသည့် လျှောက်လွှာများအား လက်ခံစဉ်းစားပေးမည်မဟုတ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။



၆/၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများအတွက်
၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကျောင်းဝင်ခွင့်လျှောက်လွှာ

ကျောင်းသားအမည်.........................၊ကျား/မ.........၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်...............................
နိုင်ငံကူးလက်မှတ်အမှတ်.....................................၊ မွေးသက္ကရာဇ်..
ဖြေဆိုလိုသောစာစစ်ဌာန(နိုင်ငံ)..၊ကျောင်းသားသစ်/ဟောင်း.......................
အောင်မြင်/ကျရှုံးခဲ့သောအတန်း.........................၊ စာမေးပွဲခုံအမှတ်.................................၊ ခုနှစ်...............
တက်ရောက်သင်ကြားလိုသောအတန်း..
ဘာသာတွဲ (သင်ရိုးသစ် ဒသမတန်း (Grade 10) နှင့် သင်ရိုးဟောင်း ဒသမတန်း (Grade 11) များအတွက်)
....
အဘအမည်.......................................၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်..
ရာထူး/ဌာန...
အမိအမည်.......................................၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်..
ရာထူး/ဌာန...
အုပ်ထိန်းသူအမည်.............................၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်..
ရာထူး/ဌာန.. တော်စပ်ပုံ...............................
နိုင်ငံခြားနေရပ်လိပ်စာအပြည့်အစုံ..
....
အီးမေးလ်လိပ်စာ...
မြန်မာနိုင်ငံရှိအမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ..
....

ကျောင်းသားသစ်ဖြစ်လျှင်-

၁။ကျောင်းပြောင်းလက်မှတ်အမှတ်...
၂။ ပြောင်းရွှေ့လာသည့်ကျောင်း... မြို့/နိုင်ငံ...
၃။ ကျောင်းပြောင်းလက်မှတ်ပူးတွဲတင်ပြရမည်။
၄။ သူငယ်တန်းကျောင်းသားကျောင်းသူများသည် မွေးစာရင်းလက်မှတ် (Birth Certificate) မိတ္တူ တင်ပြရမည်။
(သို့မဟုတ်) ပူးတွဲဖော်ပြပါ ပုံစံ (က) အတိုင်း ဖြည့်စွက်ပြီး တစ်ပါတည်း တင်ပြရမည်။

မိဘအုပ်ထိန်းသူနှင့် ကျောင်းသား/သူ၏ဝန်ခံချက်

၁။ ကျောင်းသား/ကျောင်းသူများအနေဖြင့် ကျောင်းသား/ကျောင်းသူပီပီ ပညာသင်ကြားသောအလုပ်ကို ငြိမ်းချမ်းအေးဆေးစွာဖြင့် လိုလိုလားလား ကြိုးစားအားထုတ် သင်ကြားစေပါမည်။

ကျောင်းသား/သူလက်မှတ်...................... မိဘအုပ်ထိန်းသူလက်မှတ်............................
အမည် .... အမည် ....

ပုံစံ (က)

(၁) ကျောင်းဝင်အမှတ်---------------နှင့် ကျောင်းဝင်ခွင့်ပြုသည့်နေ့ရက်-------------၊
------------------------တိုင်းဒေသကြီး/ ပြည်နယ်၊ -----------------
မြို့နယ်၊ -----------------------မြို့/ရွာ၊ --------------------------ရပ်နေ၊
---------------------(အဖအမည်)နှင့် ----------------------(အမိအမည်)၏
သား/သမီး---------------------------- ၏မွေးသက္ကရာဇ်မှာ---------------
ဖြစ်ပါကြောင်း။

(၂) ယခုမှတ်တမ်းတင်ထားသည့် မွေးသက္ကရာဇ်ကို နောင်မပြင်နိုင်ကြောင်း သိပါသည်။

(၃) သက်ဆိုင်ရာနိုင်ငံရှိ သံအရာရှိ ဝန်ထမ်းတစ်ဦး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။

(ထိုးမြဲလက်မှတ်)
*အဖ/အမိ ဦး------------------/ ဒေါ်--------------------
အုပ်ထိန်းသူ
နိုင်ငံကူးလက်မှတ်အမှတ် ------------------/ --------------------

သံအရာရှိလက်မှတ် ------------------
အမည် ------------------
သက်ဆိုင်ရာနိုင်ငံ ------------------
ရက်စွဲ ------------------

---

*မသက်ဆိုင်သည့်စကားလုံးများကို ခြစ်ပစ်ပါရန်။

*(၎င်းဖြတ်ပိုင်းများမှာ မှတ်ပုံတင်စာရင်းကဲ့သို့ အမြဲတမ်းကျောင်းမှတ်တမ်းဖြစ်၍ မှတ်ပုံတင်စာရင်းကဲ့သို့ပင် တည်မြဲအောင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ဖိုင်တွဲထားရမည်။)



၂၀၂၀ -၂၀၂၁ ပညာသင်နှစ်တွင် နိုင်ငံခြားရောက်မြန်မာနိုင်ငံသားကလေးများ ဆက်လက်သင်ယူရမည့်အတန်း

စဉ်	သင်ယူပြီးမြောက်သည့် အတန်း	ဆက်လက်သင်ယူရမည့်အတန်း
၁ ။	သူငယ်တန်း (KG)	ပထမတန်း (Grade 1)
၂။	ပထမတန်း (Grade 1)	ဒုတိယတန်း (Grade 2)
၃။	ဒုတိယတန်း (Grade 2)	တတိယတန်း (Grade 3)
၄။	တတိယတန်း (Grade 3)	စတုတ္ထတန်း (Grade 4)
၅။	သင်ရိုးဟောင်း စတုတ္ထတန်း (Grade 5)	သင်ရိုးသစ် ဆဋ္ဌမတန်း (Grade 6)
၆။	သင်ရိုးသစ် ဆဋ္ဌမတန်း (Grade 6)	သင်ရိုးသစ် သတ္တမတန်း (Grade 7)
၇။	သင်ရိုးဟောင်း ဆဋ္ဌမတန်း (Grade 7)	သင်ရိုးဟောင်း သတ္တမတန်း (Grade 8)
၈။	သင်ရိုးဟောင်း သတ္တမတန်း (Grade 8)	သင်ရိုးဟောင်း အဋ္ဌမတန်း (Grade 9)
၉။	သင်ရိုးဟောင်း အဋ္ဌမတန်း (Grade 9)	သင်ရိုးသစ် ဒသမတန်း (Grade 10)
၁၀။	သင်ရိုးဟောင်း နဝမတန်း (Grade 10)	သင်ရိုးဟောင်း ဒသမတန်း (Grade 11)